မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

December 18 , 2024 Volume 85 , Number 13

၁၈.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၄.၃၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၁၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၃.၉၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၅.၇၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပသို့ မြန်မာ့ကော်ဖီတန်ချိန် ၅၀၀၀ ကျော် နှစ်စဉ်တင်ပို့နေ



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် မြန်မာ့ကော်ဖီကို ပြည်ပသို့ နှစ်စဉ်တန်ချိန် ၅၀၀၀ ကျော်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းက သိရသည်။

မြန်မာနိုင်ငံတွင် ၁ နှစ်လျှင်ကော်ဖီတန်ချိန် ၉၀၀၀ ကျော်ထွက်ရှိပြီး ပြည်ပသို့ တန်ချိန် ၅၀၀၀ ကျော်တင်ပို့လျက်ရှိကြောင်း ယင်းထက်ပိုမိုတိုးချဲ့တင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့ကော်ဖီကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန် အစရှိသည့် နိုင်ငံများသို့ တင်ပို့နေခြင်း ဖြစ်သည်။

ပြင်ဦးလွင်နှင့် ရွာငံဒေသထွက်ကော်ဖီသည် ကမ္ဘာ့အဆင့်မီ Special Coffee အဆင့် အသိအမှတ်ပြုခံထား ရပြီး ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ့ကော်ဖီကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ရောဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကော်ဖီစိုက်ပျိုးဧက ၅၀,၀၀၀ ကျော်ရှိပြီး Arabica ကော်ဖီစိုက်ဧက ၃၈,၀၀၀ကျော်၊ Robusta ကော်ဖီ စိုက်ဧက ၁၂,၀၀၀ ကျော်ရှိကာ နှစ်စဉ်နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆွတ်ခူးလေ့ရှိပြီး ပြည်ပဈေးကွက်သို့ လာမည့်နှစ်

ဧပြီလတွင် စတင်တင်ပို့ရောင်းချသွားမည်ဖြစ်သည်။

**Source : Popular News Journal**

## ၈ လအတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းပေါင်း ၁၆၀၀ ကျော် မှတ်ပုံတင်ထား




၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ နိုဝင်ဘာလကုန်အထိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ မှတ်ပုံတင်ထားသည့်လုပ်ငန်းပေါင်း ၁၆၀၇ ခု ရှိကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သိရသည်။

ယင်းတွင် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်၊ အိမ်သုံးပစ္စည်း၊ပုံနှိပ်လုပ်ငန်း၊ဓာတ်သတ္တုစိုက်ပျိုးရေး၊ စက်ပစ္စည်းစသည့်လုပ်ငန်းပေါင်း ၁၃မျိုးပါဝင်ကြောင်း သိရသည်။

ထိုသို့မှတ်ပုံတင်ထုတ်ပေးခြင်းကိုနေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ခွင့်ပြုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်လျှောက်ထားရာတွင် လိုင်စင်ဓာတ်ပုံ ၅ ပုံ ၊ မှတ်ပုံတင်မိတ္တူ ၃ စောင်၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြောင်း ထောက်ခံချက်၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်လုပ်ငန်းများဖြစ်ပါက တံဆိပ် ၃ ခု ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးရန် ပစ္စည်းနမူနာ ၆ ခု (ပါဝင်ပစ္စည်းများ၊ ထုတ်လုပ်ရက်စွဲ၊သက်တမ်းကုန်ရက်စွဲများနှင့် ပြည့်စုံရမည်)နှင့် မှတ်ပုံတင် လျှောက်လွှာကို ဝယ်ယူဖြည့်စွက်ရမည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံ စားတော်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းတောင်သူများသည် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ (ကျွန်း) စားတော်ပဲကို လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ်က စားတော်ပဲစိုက်ဧက ၁၀၀၀ ခန့်စိုက်ပျိုးခဲ့ပြီးယခုနှစ်တွင် ဧက ၁၅၀၀ ခန့်ထိ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ကျွန်း)စားတော်ပဲသီးနှံကနိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ရိတ်သိမ်းရကြောင်း၊ စားတော်ပဲကို ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေ များတွင် သီးသန့်စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးမှုလည်း ရှိကြောင်း၊ မျိုးအနေဖြင့် စားတော်ပဲတစ်ဧကလျှင် မျိုးစေ့နှစ်တင်းကျော်ခန့် ကုန်ကျပြီး ကြဲပက်စနစ်ဖြင့် စိုက်ပျိုးသည်။

စားတော်ပဲသီးနှံသည် ရေလိုအပ်သောသီးနှံဖြစ်၍ အထွက်နှုန်းကောင်းမွန်ရန်မြေအောက်ရေအပြင် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် စားတော်ပဲ ၁၀ - ၁၅ တင်းခန့် ထွက်ရှိပြီး စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၁၅၀,၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ငွေကျပ် ၁,၅၀၀,၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

ဒီဇင်ဘာလ ဒုတိယပတ်၌ စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၁၅၀,၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းအပြင် မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် စားတော်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပြည်တွင်းသုံးစွဲမှုများပြီး ပြည်တွင်းသုံးစွဲမှုများပြီး ဈေးကွက်ခိုင်မာမှုရှိသောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် စိုက်ပျိုးကြောင်း သိရသည်။ **Source: ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကျားကဏန်း ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီးလပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ကျားကဏန်း ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းလပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောပြသည်။

လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကျားကဏန်း ပိဿာချိန် ၄၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကျားကဏန်း ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ ပုံမှန်တင်ပို့ ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က လပွတ္တာမြို့နယ်က တင်ပို့တဲ့ ရေထွက်ကုန်တွေကို ဝယ်ယူမှုအများဆုံးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်း ပိဿာချိန် ၆၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အရွယ်အစား အလေးချိန်အပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားနေပါတယ်။ ဒီဘက်ကနေ ကျားကဏန်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ၎င်းကပြောပြသည်။

လပွတ္တာမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့်ကျားကဏန်းတစ်ပိဿာလျှင်ငွေကျပ်၁၅,၅၀၀ မှ ၃၃,၅၀၀ထိပေါက်ဈေး ရှိကြောင်း၊ အဆိုပါ ကျားကဏန်းများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက်ပွဲရုံလုပ်ငန်းရှင်များ၊ ရေလုပ်သားအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## မန္တလေး ပဲ၊ နှမ်း၊ ဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲတီစိမ်းနှင့်ပဲကြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင် များမဟာကထိန်တော် အသင်း (မန္တလေးကုန်စည်ဒိုင်) မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က ပဲတီစိမ်းနှင့်ပဲကြီးမှာပြည်တွင်းဈေးကွက်အတွင်းမှဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ယခုလက်ရှိတွင်ပဲတီစိမ်းနှင့် ပဲကြီးကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ပဲတီစိမ်းနဲ့ပဲကြီး အမျိုးအစားတွေ အဝယ်တော်တော်လေးပြန်လိုက်လာတယ်။ ဈေးကွက်ထဲမှာတော့ တခြား ပဲ၊ ပြောင်း၊ နှမ်း စတဲ့ ကုန်စည်တွေလဲ ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ၎င်းကပြောပြသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိကြောင်း၊အလားတူ လက်ရှိပေါက်ဈေးအရပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ်၃၀၀,၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

"ကုလားပဲနဲ့ နှမ်းတွေကလဲဈေးကွက်ထဲမှာ ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်နေတယ်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံတွေက ကုလားပဲနဲ့နှမ်းဝယ်ယူမှုတွေ ရှိပါတယ်။ တခြားနိုင်လွန်ပဲတို့၊ ပဲစင်းငုံတို့က လဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေတယ်" ဟု ၎င်းကပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်းပေါက်ဈေးအရ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၆၅,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၅,၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဆောင်းမြေပဲနုတ်သိမ်းချိန်ဖြစ်၍ ပဲနုတ်၊ပဲဆွတ် နေ့စားအလုပ်သမားများ ဝင်ငွေရ



မန္တလေးတိုင်းဒေသကြီးရမည်းသင်းမြို့နယ်အတွင်းကျေးလက်ဒေသတချို့၌ ယခုလရာသီတွင် ဆောင်းမြေပဲနုတ်သိမ်းချိန်ဖြစ်၍ ပဲနုတ်၊ပဲဆွတ်လုပ်ငန်းလုပ်ကိုင်ကြသော နေ့စားအလုပ်သမားများ ဝင်ငွေရရှိကြ ကြောင်း သိရသည်။

ယင်းသို့ ဆောင်းမြေပဲနုတ်သိမ်းရာတွင် ပဲနုတ်နေ့စားတစ်ဦးလျှင် ငွေကျပ် ၁၀,၀၀၀ မှ ၁၂,၀၀၀ ကျပ် (စားရိတ်ငြိမ်း) ပေးရသည်။

ဒေသတစ်နေရာနှင့်တစ်နေရာ လုပ်သားရှားပါးမှုကြောင့် ဈေးနှုန်းကွာဟချက်ရှိသည်။

ပဲဆွတ်ခမှာ တစ်တင်းလျှင်ငွေကျပ် ၂၅၀၀ ပေးရပြီးမြေပဲဥနှုန်း(ထွက်နှုန်း)အပေါ်မူတည်၍ ပဲဆွတ်သူတစ်ဦးလျှင် တစ်နေ့သုံးတင်းမှငါးတင်းထိ ပြီးအောင်ဆွတ်နိုင်သည်။

ပဲဆွတ်တစ်ဦး၏ ဝင်ငွေမှာ မိမိဆွတ်နိုင်ပြီးစီးသည့်အပေါ် မူတည်၍ ဝင်ငွေရရှိသည်။

မြေပဲစိုက်တောင်သူများမှာ မြေပဲကိုဆီကြိတ်စားသုံးရန်အတွက်သာအဓိကထားစိုက်ပျိုးကြပြီးပိုလျှံမှသာရောင်းချကြသည်။

ဆီထွက်သီးနှံမြေပဲအပြင် အခြားဆီထွက်သီးနှံဖြစ်သော နေကြာကိုလည်း ရာသီဥတု၊ မြေအစိုဓာတ်ရရှိမှုအပေါ် မူတည်၍ စိုက်ပျိုးကြကြောင်း သိရသည်။

**Source :ကြေးမုံသတင်းစာ**

## မလေးရှားကုမ္ပဏီ Tenaga Nasional နှင့် စင်ကာပူကုမ္ပဏီ Sembcorp Power တို့အကြား လျှပ်စစ်ဓာတ်အားတင်သွင်းရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

မလေးရှားအစိုးရပိုင် လျှပ်စစ်ဓာတ်အားကုမ္ပဏီဖြစ်သည့် Tenaga Nasional TNB နှင့် စင်ကာပူနိုင်ငံ၏ လိုင်စင်ရလျှပ်စစ်ဓာတ်အားတင်သွင်းသည့် Sembcorp Power ကုမ္ပဏီတို့အကြား စင်ကာပူနိုင်ငံသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တင်သွင်းရန် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၅၀ မက်ဂါဝပ်ကို ပထမပိုင်းအဖြစ် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စင်ကာပူနိုင်ငံသို့ စတင်တင်ပို့မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံစွမ်းအင်နှင့်ရေအသွင်ကူးပြောင်းရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် နေ့ကပြောကြားခဲ့သည်။

သဘောတူစာချုပ်အရ TNB သည် နှစ်နိုင်ငံအကြား တည်ရှိဆဲလက်ရှိအခြေခံအဆောက်အအုံများ အသုံးပြု၍ Sembcorp Power မှတစ်ဆင့် စင်ကာပူနိုင်ငံသို့ လျှပ်စစ်ဓာတ်အား တင်ပို့မည်ဖြစ်ပြီး စုစုပေါင်းတင်ပို့မည့်ပမာဏမှာ ၁၀၀ မက်ဂါဝပ်ဖြစ်ပါသည်။

ထိုသို့လျှပ်စစ်ဓာတ်အား တင်ပို့မှုသည် Energy Exchange Malaysia (Enegem) က တင်ဒါလုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့စေခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ပိုမိုလွယ်ကူထိရောက်စေခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်သူများပါဝင်လာစေရေး တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ခြင်း၏ ရလဒ်ဖြစ်ပါသည်။

"လျှပ်စစ်ဓာတ်အား တင်ပို့မှုပူးပေါင်းဆောင်ရွက်မှုသည် ASEAN Power Grid ဆောင်ရွက်မှုလုပ်ငန်းစဉ်နှင့် မလေးရှားနိုင်ငံ၏ စွမ်းအင်ကူးပြောင်းမှုဆိုင်ရာရည်မှန်းချက်များနှင့် ကိုက်ညီကြောင်း၊ Enegem မှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေကြောင်း" TNB နှင့် Sembcorp Power တို့က ပြောကြားခဲ့ပါသည်။

"ယခုအစီအစဉ်သည် မလေးရှားနိုင်ငံကို အစိမ်းရောင်လျှပ်စစ်ဓာတ်အားကုန်သွယ်ရေးတွင် အဓိကပါဝင်ဆောင်ရွက်သည့် နိုင်ငံဖြစ်လာစေမည်ဖြစ်ပြီး ဒေသတွင်း၌ စွမ်းအင်ဖူလုံရေး၊ ရေရှည်တည်တံ့ပြီး စွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်ရေး မြှင့်တင်နိုင်မည်ဖြစ်ကြောင်း" Tenaga Nasional ၏ ဥက္ကဋ္ဌဖြစ်သူ Megat Jalaluddin Megat Hassan က ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံအနေဖြင့် ၂၀၃၅ ခုနှစ်တွင် ကာဗွန်နည်းလျှပ်စစ်ဓာတ်အား ၄ ဂစ်ဂါဝပ် အထိ တင်သွင်းရန် ရည်ရွယ်ထားပါသည်။

စင်ကာပူနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညဖြစ်စေရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်လျက်ရှိရာ ၎င်း၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်တင်းရာတွင် ကာဗွန်နည်းလျှပ်စစ်ဓာတ်အား၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို ပိုမိုအသုံးပြုလာမည်ဖြစ်ကြောင်း သိရသည်။

**Source : The Business Times**

**စီးပွားရေးသံမှူး၊ စင်ကာပူမြို့**

https://myantrade.gov.mm/article/Naypyitawstp_181220241146

## ထိုင်းနိုင်ငံ၌ မိရိုးဖလာစိုက်ပျိုးရေးကို အဆင့်မြှင့်တင်သွားမည့် နည်းပညာဆိုင်ရာ မိတ်ဆက်မှုများကို ဒီဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနက ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံ၌ မိရိုးဖလာစိုက်ပျိုးရေးကို အဆင့်မြှင့်တင်ရန်၊ စီးပွားရေးအရ သက်ရောက်မှုများ ပိုမိုရရှိရန်နှင့် စိုက်ပျိုးရေးဆိုင်ရာအချက်အလက်များစွာအား လမ်းကြောင်းဖောက်လုပ်ရန်အတွက် နည်းပညာဆိုင်ရာမိတ်ဆက်မှုများကို ဒီဂျစ်တယ် စီးပွားရေးနှင့်လူမှုရေးဝန်ကြီးဌာနက ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

One Tambon, One Digital Oto ပြည်သူလူထုဒရုန်းစီမံချက်မှ စတင်ဆောင်ရွက်သည့်နှစ်မှာပင် ဘတ် ၂၀ ဘီလီယံကျော် ရရှိခဲ့ပါကြောင်း၊ ပြည်သူလူထုဒရုန်းစီမံချက်သည် တောင်သူများတွင် ကုန်ကျစရိတ်လျှော့ချပေးပြီး ဝင်ငွေတိုးတက်စေရုံသာမက အလုပ်အကိုင်များလည်း ဖန်တီးပေးပါ ကြောင်း၊ ဒီဂျစ်တယ်စီးပွားရေးမြှင့်တင်သည့်အေဂျင်စီ Depa က နည်းပညာအသုံးပြုခြင်းဖြင့် လူနေမှု ဘဝနှင့် စိုက်ပျိုးရေး အရည်အသွေးများကို မြှင့်တင်ပေးရန်အတွက် Otod Smart Living နှင့် Otod Digital Durian တို့ကို မိတ်ဆက်ခဲ့ပါကြောင်း၊ Smart Living ကို ပြည်နယ် ၈ ခုတွင်ဆောင်ရွက်ခဲ့ပြီး ဒီဂျစ်တယ်ပလက်ဖောင်း အသုံးပြုခြင်းဖြင့် နောက်ကြောင်းလိုက်ခြင်းနှင့် အချက်အလက်စီမံခန့်ခွဲမှုအတွက် Digital Durian ကို ဒူးရင်းသီး တောင်သူ ၆,၀၀၀ ကျော်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း ဒီဂျစ်တယ်စီးပွားရေးနှင့်လူမှုရေးဝန်ကြီးအကြံပေး Mr. Pantanu Wannagangsai က ပြောကြားခဲ့သည်။

ဝန်ကြီးဌာနသည် မဏ္ဍိုင် ၃ ရပ်ဖြစ်သော ယှဉ်ပြိုင်မှု၊ လုံခြုံစိတ်ချရမှုနှင့် လူသားအရင်းအနှီးတို့ကို အခြေခံ၍ တိုးတက်မှုအတွက် ဆောင်ရွက်နေပါကြောင်း၊ ဒီဂျစ်တယ်နည်းပညာကို အသုံးပြုမှု မြှင့်တင်ခြင်းဖြင့် နိုင်ငံ စီးပွားရေး၏အခြေခံဖြစ်သော စိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍအားလုံးတွင် ပြန်လည်အားဖြည့်သွား မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုသည် တောင်သူများ၏ ကိုယ်တိုင်ယုံကြည်မှုကို တိုးမြှင့်စေပြီး နိုင်ငံ၏ယှဉ်ပြိုင်နိုင်မှုကိုလည်း မြှင့်တင်ပေးပါကြောင်း၊စိုက်ပျိုးရေးဆိုင်ရာဒရုန်းများသည် သမားရိုးကျစိုက်ပျိုးရေးမှ ခေတ်မီစိုက်ပျိုးရေးသို့ အသွင် ကူးပြောင်းရာတွင် အရေးပါသော အရာတစ်ခုဖြစ်ပါကြောင်း Mr. Pantanu က သုံးသပ်ပြောကြားခဲ့သည်။

ဒရုန်းစီမံချက်သည် ဒီဂျစ်တယ် အခြေခံအဆောက်အဦ၊ ဒီဂျစ်တယ်ဂေဟစနစ်နှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုကို အဆင့်မြှင့်တင်ထားပါကြောင်း၊ စီမံကိန်းမှ နိုင်ငံတစ်ဝှမ်းရှိ နေရာ ၅ နေရာတွင် ဒရုန်းသင်တန်းစင်တာများ ထူထောင်ပေးပြီး ဒရုန်းနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးပါကြောင်း၊ စီမံကိန်းမှစိုက်ပျိုးရေးဒရုန်း ပြင်ဆင်သည့် နည်းပညာရှင် ၁၀၀ နှင့် မောင်းနှင်သူ ၁,၅၀၀ ကို သင်တန်းပေးခဲ့ပါကြောင်း၊ စိုက်ပျိုးရေး အိမ်ထောင်စု ၁၀,၀၀၀ ၏ လူနေမှုဘဝကို မြှင့်တင်ပေးခဲ့ပြီး စီးပွားရေးတန်ဖိုး ဘတ် ၂၀ ဘီလီယံ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ စီမံချက်မှတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာအချက်အလက်များစွာ တည်ထောင်သွားမည်ဖြစ်ကြောင်း Depa ဥက္ကဋ္ဌ Mr. Nuttapon Nimmanphat-charin က ပြောကြားခဲ့သည်။

**Source: www.bangkokpost.com ၊စီးပွားရေးသံမှူး၊ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/npt-1712202410256

## အကောက်ခွန်နှုန်းတိုးမြှင့်ရန်စိုင်းပြင်းနေသော ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အား စီးပွားရေး လုပ်ငန်း အမှုဆောင်အရာရှိချုပ်များက သဘောထားပျော့ပြောင်းရေး စည်းရုံးရန်ကြိုးပမ်း

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ အကောက်ခွန်နှုန်း တိုးမြှင့်ကောက်ခံမည့်အစီအစဉ်ကို အနည်းငယ်ဖြေလျှော့ပေးရန် (သို့မဟုတ်) ပြောင်းလဲရန်အတွက် စီးပွားရေးလုပ်ငန်းများ၏ အမှုဆောင်အရာရှိချုပ်များက စည်းရုံးပြောဆိုလျက်ရှိသော်လည်း ဒေါ်နယ်ထရမ့်က ၎င်း၏အမြင်ကို ပြောင်းလဲမှုမရှိကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သမ္မတတာဝန်ထမ်းဆောင်သည့်အချိန်တွင်အကောက်ခွန်ကို အစွန်းမရောက်သည့်အယူအဆဖြင့် အသုံးပြုရန်ဖြစ်နိုင်ခြေမရှိဟု ၎င်း၏အထောက်အကူပြုအဖွဲ့ကစီးပွားရေးဆိုင်ရာအတိုင်ပင်ခံအဖွဲ့များသို့ ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရန် လပိုင်းသာလိုတော့သည့်အချိန်တွင် အမေရိကန်နိုင်ငံ၌ အခြေစိုက်သည့်ကုမ္ပဏီများနှင့် ကမ္ဘာတစ်ဝှမ်းမှစီးပွားရေးလုပ်ငန်းများသည် ဒေါ်နယ်ထရမ့်၏ မဲဆွယ်စည်းရုံးပွဲများတွင် ပြောကြားခဲ့သည့် အဆိုပြုချက်များ၏ ဖြစ်နိုင်ခြေကို ချိန်ဆလျက်ရှိကြကြောင်း သိရသည်။

သွင်းကုန်အားလုံးအပေါ် အကောက်ခွန်နှုန်းသတ်မှတ်ကောက်ခံခြင်းသည် သွင်းကုန်တင်သွင်းသည့် အမေရိကန်အခြေစိုက် ကုမ္ပဏီများအတွက် ဈေးနှုန်းများမြင့်တက်စေကာရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ဒေါ်နယ်ထရမ့်ကကနေဒါနှင့် မက္ကဆီကို နိုင်ငံတို့မှသွင်းကုန်များကို ၂၅ ရာခိုင်နှုန်းကောက်ခံမည်ဟု လွန်ခဲ့သောလက ခြိမ်းခြောက်ပြောကြားခဲ့ပြီး တရုတ်နိုင်ငံမှ သွင်းကုန်များကိုလည်း အကောက်ခွန် ၁၀ ရာခိုင်နှုန်းထပ်တိုးကောက်ခံမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့်တောင်အာဖရိကတို့ပါဝင်သည့် (BRICS) အဖွဲ့ဝင်နိုင်ငံများကိုလည်း ဒေါ်လာနေရာတွင်အစားထိုးမည့် ငွေကြေးတစ်ရပ်ဖော်ဆောင်ပါက ၎င်းနိုင်ငံများမှသွင်းကုန်များကို အကောက်ခွန် ၁၀၀ ရာခိုင်နှုန်းအထိ ကောက်ခံသွားမည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ ဘဏ္ဍာရေးဝန်ကြီးအဖြစ်ရွေးချယ်ထားသူ Mr. Scott Bassent ၏ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်က ဒေါ်နယ်ထရမ့်နှင့် Mr. Scott Bassent တို့သည် စီးပွားရေးနှင့်ပထဝီနိုင်ငံရေးအခြေအနေတို့ကြောင့် အမေရိကန်နိုင်ငံအပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍ နေ့စဉ်ဆက်သွယ်ပြောကြားလျက်ရှိပြီး ဒေါ်နယ်ထရမ့်ကမဟာဗျူဟာများချမှတ်၍ Mr. Scott Bassent က မဟာဗျူဟာများကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်လိမ့်မည် ဟုပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ်ရွေးချယ်ထားသူ Mr. Marco Rubio ၏ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်ကလည်း ရွေးကောက်ခံသမ္မတ၏ မျှော်မှန်းချက်ဖြစ်သည့်ကမ္ဘာ့စင်မြင့်တွင်အမေရိကန်နိုင်ငံနေရာရရှိရေးနှင့် အမေရိကန်မိသားစုများနှင့်စီးပွားရေးလုပ်ငန်းများအတွက်မျှတသည့်ကုန်သွယ်ရေးစနစ်များဖော်ဆောင်ပေးရေးတို့နှင့် ပတ်သက်၍ပြောကြားခဲ့ပါကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်၏ အကောက်ခွန်စနစ်ကိုပုံဖော်ရန်နှင့် ကာကွယ်ပေးရန်အဓိကအခန်းကဏ္ဍတွင် ပါဝင်လာမည့်ပုဂ္ဂိုလ်များမှာ ၎င်း၏အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် ရွေးချယ်လျာထားသည့် နိုင်ငံခြားရေးဝန်ကြီး Mr. Marco Rubio ၊ ဘဏ္ဍာရေးဝန်ကြီး Mr. Scott Bassent ၊ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး Mr. Howard Lutnick နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Jamieson Greer တို့နှင့်အတူ ၎င်း၏အကြံပေး Mr. Peter Navarro တို့ဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည်အကောက်ခွန်ကိုဆွေးနွေးညှိနှိုင်းရန်နည်းလမ်းတစ်ခုအဖြစ် အသုံးပြုလိုခြင်းဖြစ်ရာလက်တွေ့အရေးယူဆောင်ရွက်ချက်တစ်ခုဖြစ်လာမည်မဟုတ်ဟုရီပတ်ဘလစ်ကင်ပါတီဝင်များနှင့်ကုမ္ပဏီအချို့ကယူဆလျက်ရှိကြကြောင်း သိရသည်။

သို့ရာတွင် ကုမ္ပဏီများသည်၎င်းတို့၏အမြင်များကိုလွှတ်တော်ကိုယ်စားလှယ်များနှင့်ရွေးကောက်ခံသမ္မတထံသို့ပြောကြားနိုင်ရန် အဆက်အသွယ်ကောင်းသည့် ဥပဒေဝန်ဆောင်မှုလုပ်ငန်းများကိုငှားရမ်းလာကြရာ LG Electronics USA သည် အစိုးရအဖွဲ့အစည်းများနှင့်ဆက်ဆံရေးဝန်ဆောင်မှုကုမ္ပဏီ Capital Counsel ကိုလည်းကောင်း၊တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် GlobalFoundries ကလည်း Lobby Firm တစ်ခုဖြစ်သည့် Cozen O'Connor Public Strategies ကိုလည်းကောင်း၊ ကုန်သွယ်ရေးနှင့်ကုန်ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာပြဿနာများကို စည်းရုံးပြောဆိုရန် ငှားရမ်းခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အနေဖြင့် သွင်းကုန်အားလုံးအပေါ် အကောက်ခွန် ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိသတ်မှတ်ကောက်ခံမည်ဟု၎င်း၏မဲဆွယ်စည်းရုံးပွဲများတွင်ပြောကြားခဲ့ရာအကယ်၍ယင်းအဆိုပြုချက်အတိုင်း အကောင်အထည်ဖော်ခဲ့ပါကအမေရိကန်နိုင်ငံအတွင်းဈေးနှုန်းများမြင့်တက်နိုင်ပြီးကုန်သွယ်ရေးဆိုင်ရာပြဿနာများနှင့် ကြုံတွေ့နိုင်

သဖြင့် အမေရိကန်စီးပွားရေးလုပ်ငန်းများမှ အမှုဆောင်အရာရှိချုပ်များက ၎င်းအခြေအနေဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိပြီး ရွေးကောက်ခံသမ္မတနှင့် အမေရိကန်လွှတ်တော်ကိုယ်စားလှယ်များကို စည်းရုံးပြောဆိုရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**Source: Wall Street Journal**

**စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/article/Naypyitawstp_171220241025

## STOCK EXCHANGE (18.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,441 (Shares) | 16,338,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +200 | +2.44% | 8,200 | 8,400 | 8,200 | 61 | 500,400 | 33,109,694 | 278,121 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 4,147 | 12,913,100 | 38,929,150 | 120,680 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 10 | 82,000 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 50 | 97,500 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 660 | 1,104,350 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 0 | 0 | 10,497,598 | 45,140 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 513 | 1,641,600 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 17th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.04 | +2.48 | +0.64% | 387.56 | 390.04 | 386.00 | 5,441 | 16,338,950 | 8 | 735,682 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 6,441 (Shares) | 19,488,950 (MMK) |

### Main Board

As of 1:00 pm, 17th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,441 (Shares) | 16,338,950 (MMK) |

| MYANPIX | 390.04 ▲ 2.48 |
|---|---|
| Total Volume (shares) | 5,441 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 735,682 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 200 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |

TIR